**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၂၄ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းအရည်အသွေးမြင့် ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ ပြည်ပဈေးကွက် ပိုမိုရရှိရန်အတွက်လည်းကောင်း၊ ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိစေရန်အတွက်လည်းကောင်း နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို အောက်ပါကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုလိုက်သည်-

(က) အသား၊ ငါး ၊

( ခ ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊

( ဂ ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊

(ဃ) မျိုးစေ့၊

( င ) သန့်စင်ထားသည့် သတ္တုရိုင်းများ ၊

( စ ) သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ ၊

(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ၊

၂။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် အထက်ပါ အဆင့်မြင့်ကုန်ပစ္စည်းအုပ်စု(၇)မျိုးကို ပြည်ပသို့တင်ပို့ရာတွင် အောက်ပါသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည် -

(က) **အသား ၊ ငါး**

တင်ပို့ခွင့်ပြုရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုမည်ဖြစ်သည်။

(ခ) **တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ၊**

(၁) ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အား အမှုန့်အဖြစ်သော်လည်းကောင်း၊ အသင့်စားသုံးနိုင်သည်အထိ တစ်ဆင့်မြင့်ပြုပြင်ထုတ်၍လည်းကောင်း၊ သန့်စင်အခွံချွတ်ပြီးအဆင့်မြင့်ထုပ်ပိုး၍လည်းကောင်း ပြုပြင်ထားသော ကောက်ပဲသီးနှံများကိုသာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် အပါအဝင် သက်ဆိုင်သည့်ဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ပို့ကုန်လိုင်စင် ခွင့်ပြုမည်ဖြစ်သည်။

(၂) ဆန်နှင့် ဆန်ကွဲ တင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် -

(ကက) ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေအနည်းဆုံးကန်ဒေါ်လာ ၃ သန်းလွှဲပြောင်းပြီးကြောင်း အထောက်အထား၊

(ခခ) လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထား တင်ပြရန်၊

(ဂဂ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဖြစ်ရန်။

(ဂ) **ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး**

ပို့ကုန်လိုင်စင်လျှောက်ထားရန် မလိုသောပစ္စည်းအဖြစ် သတ်မှတ်ထားသော်လည်း အခြားသော သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခြင်းကို ဆောင်ရွက်ရန်ဖြစ်သည်။

(ဃ) **မျိုးစေ့**

မျိုးစေ့ဥပဒေနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ခွင့်ပြုမည်ဖြစ်သည်။

(င) **သန့်စင်ထားသည့် သတ္တုရိုင်းများ**

သတ္တုတွင်းဥပဒေအရ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနတွင် ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့် ရယူရမည်ဖြစ်ပြီး ယင်းခွင့်ပြုမိန့်ရရှိသူသည် ပို့ကုန်လိုင်စင်အတွက် ပြည်တွင်းလုပ်ငန်းရှင်များကဲ့သို့ သတ္တုတွင်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည် ဖြစ်သည်။

(စ) **သစ်သီးဝလံကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ**

စားသောက်ကုန်ဥပဒေအရ သက်ဆိုင်ရာဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန် လိုင်စင်ခွင့်ပြုသွားမည် ဖြစ်သည်။

(ဆ) **သစ်အခြေခံပရိဘောဂပစ္စည်းများ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်များဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ခွင့်ပြုမည့်ကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေအစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ /၂-၁၈/၂၀၁၉ ( ၁၀ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

အောင်စိုး
အမြဲတမ်းအတွင်းဝန်